# နွေဦးအသံ
the voice of spring

5.4.2021 · Monday · No . 1 · Daily News Pamphlet


## တက်တူးထိုးထားသည့်လူငယ်တဦး၏လက်ဖျံပေါ်ရှိ နွေဦးတော်လှန်ရေးစာသားနှင့် ဒေါ်အောင်ဆန်းစုကြည်ပုံအား မီးရှို့ ၍ အကြမ်းဖက်မှု မန္တလေး၌ ဖြစ်ပွားခဲ့

ကျောဘက်သို့

ရင်းမြစ် – မဇ္ဈိမမှ

## စစ်ပြေးဒုက္ခသည်များထံ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ခြင်း ထိုင်းအာဏာပိုင်များ ပြန်ခွင့်ပြု

သတင်းတို

ရင်းမြစ် – ဧရာဝတီမှ

## အထူးလေးနက်စွာ မေတ္တာရပ်ခံတောင်းဆိုခြင်း

မတရားသဖြင့် နိုင်ငံတော် အာဏာလုယူထားသည့် စစ်သွေးကြွ အကြမ်းဖက်အုပ်စုအား အရှိန်အဟုန်မပြတ် ဆက်လက်ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊

ကျဆုံးခဲ့ရသော အာဇာနည်တို့၏ အသက်များနှင့် ဖမ်းဆီးခံသူရဲကောင်းတို့၏ ပေးဆပ်မှုများကို လေးစားသောအားဖြင့် လည်းကောင်း၊

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလ၏ ပျော်ပွဲရွှင်ပွဲများအပါအဝင် အလှူပွဲများ ကျင်းပခြင်း၊ ပါဝင်ဆင်နွှဲခြင်းများ မပြုလုပ်ကြပါရန် အထူးလေးနက်စွာ မေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။

# ဒူးမထောက် မကြောက်စိတ်နဲ့ "ပိတောက်သပိတ်" ဆင်နွှဲနေကြ








မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့နွေဦးတန်ခိုးအကြို စစ်အာဏာရှင်ဆန့်ကျင်ရေး'ပိတောက် သပိတ်' ကို ဧပြီလ(၅)ရက်၊ နံနက်ခင်း၌ ပြုလုပ်နိုင်ခဲ့ကြောင်း သိရပါသည်။ ထို့ပြင် သင်္ကြန်ကာလအတွင်း မည်သည့် ပျော်ပွဲရွှင်ပွဲကိုမှ မပါဝင်ကြရန်နှင့် တောင်းဆိုနေကြပြီး ထိပ်တိုက်မတွေ့သည့် နည်းဖြင့် ဆန္ဒဖော်ထုတ်မှုများကို ဆက်လက်အရှိန်မြှင့်နေကြလျက်ရှိသည်။

အဆိုပါ 'ပိတောက်သပိတ်'ကို အခြား မြို့ကြီးများတွင်လည်း ပြုလုပ်၍ စစ်သွေးကြွ အကြမ်းဖက် စစ်အုပ်စုအား တခဲနက် ဆန့်ကျင်တော်လှန်နေကြကြောင်း သိရပါသည်။

ဓါတ်ပုံ – စီဂျေ

## မိုးထဲလေထဲ၌ပင် လူအင်အားရာချီသော ပဲခူးသပိတ်စစ်ကြောင်းများ ချီတက်နိုင်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီမှ

## လှိုင်မြို့နယ်အတွင်းရှိ ရိုးမရေသန့်စက်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရ

သတင်းတို

ရင်းမြစ် – ခေတ်သစ်မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ သွေးကြောတစ်ခုပင် ဖြစ်သည်။

# လက်ဖျံရှိ တက်တူးကို မီးရှို့၍ အကြမ်းဖက်ခံရ

ဧပြီ(၄)ရက်၊ည(၈)နာရီခန့်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟရီလမ်း၌ ဖြတ်သွားလာသည့် အသက်(၂၀)အရွယ် လူငယ်တစ်ဦးကို အာဏာလုကောင်စီ၏ စစ်သွေးကြွ အကြမ်းဖက်အုပ်စုက မှောင်ရိပ်ခို ဖမ်းဆီးပြီး လက်ဖျံတွင် တက်တူးရေးထိုးထားသည့် နွေဦးတော်လှန်ရေးစာသားနှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။



တာယာအပိုင်းအစတစ်ခုအား မီးရှို့ပြီး လူငယ်၏ အရေပြားပေါ်တွင် တင်ရှို့၍ အရေပြားလောင်ကျွမ်းစေခြင်းဖြင့် ဥပဒေမဲ့ ရမ်းကားစွာ အကြမ်းဖက်ခဲ့ကြခြင်း ဖြစ်သည်။

လူငယ်၏ အရေပြားမှာ မီးလောင်ဒဏ်ရာဖြင့် အနာပြင်းထန်ကြောင်း သိရပါသည်။

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၄)ရက်အထိ
နိုင်ငံတော်အာဏာအား
မတရားလုယူထားသည့်
မင်းအောင်လှိုင်၏ စစ်သွေးကြွ
အကြမ်းဖက်အုပ်စုကြောင့်-

ကျဆုံးသူဦးရေ
- ၅၆၄ ဦး
( ကလေးငယ် ၄၇ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၂၆၆၇ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၄၂၅ ဦး

ရင်းမြစ်-အေအေပီပီမှ

# သပိတ်မှတ်စု

ဧပြီ ၅၊ ၂၀၂၁



- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အထင်ကရ အလုံဘိုးတော်ကြီး နတ်နန်းရှေ့တွင် ဒေသခံများက စုဝေး ဆန္ဒပြခဲ့ကြ။
- စစ်ကိုင်း တောင်ထိပ်တွင် ဆိုင်းဘုတ်များဖြင့် လူမဲ့သပိတ်ပြုလုပ်ခဲ့။
- စစ်ကိုင်းတိုင်း၊ အရာတော်မြို့ပေါ်နှင့်ကျေးရွာတချို့တွင် ပြောက်ကျား သပိတ်များ ချီတက် ဆင်နွှဲခဲ့ကြ။
- လုံခြုံရေး တင်းကြပ်နေသည့်အပြင် အဖမ်းဆီး များကြားက တာမွေမြို့ရှိ လူငယ်များ အရှိန် မပျက်ဘဲ ဆက်လက် ဆန္ဒပြခဲ့ကြ။
- ကျောက်မဲမြို့ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများအလိုက် ရာနှင့်ချီသည့် ဒေသခံ များက ဆန္ဒပြခဲ့ကြ။
- မိုးကုတ်မြို့တွင် အာရုဏ်ဦး သပိတ်စစ်ကြောင်း ချီတက်ခဲ့။
- စစ်ကိုင်းတိုင်း၊ ရေဦးမြို့တွင် ပင်မသပိတ်စစ်ကြောင်း ချီတက်၍ ဆန္ဒပြခဲ့။
- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ ဆရာတော်များ၊ ဓမ္မ အမှုတော်ဆောင်များနှင့် အသင်းသူ အသင်းသားများက စုပေါင်း၍ ဆုတောင်းဆန္ဒပြခဲ့ကြ။
- မန္တလေးမြို့၌ ပညာရေးမိသားစု၊ ဒေါင်းစစ်သည်၊ ဘုရားကြီး၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများအဖွဲ့ချုပ်၊ အ.ထ.က (၇) ကျောင်းသားဟောင်းများ အစရှိသည့် သပိတ်စစ်ကြောင်းများက ပူးပေါင်း ဆန္ဒပြခဲ့ကြ။
- မိုးကောင်းမြို့မှာ ပညာရေးမွမ်းမံသင်တန်းတက်နေသူတွေကို သံပုံးတီး ဆန္ဒပြသည့် လူငယ် ၅ ဦး ဖမ်းဆီးခံထားရ။
- ပခုက္ကူမြို့နယ်၊ကမ္မမြို့၊ပြောက်ကျားသပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်မြို့က လူငယ်တွေ တရုတ်နိုင်ငံအလံကို မီးရှို့ဆန္ဒပြခဲ့ကြ။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လယ်ဘူးမြို့မှာ ဆန္ဒပြသပိတ် ပစ်ခတ်ဖြိုခွင်းခံခဲ့ရပြီး တစ်ဦးသေဆုံး၊ ၂ ဦးကျည်ထိမှန် ဒဏ်ရာရရှိခဲ့ဟုသိရ။
- မန္တလေးမြို့၌ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး အထွေထွေသပိတ် တပ်ပေါင်းစုဖွဲ့စည်းခဲ့ကြ။
- တာမွေ၌ လူ ၁၀ ကျော်ရိုက်နှက်ဖမ်းဆီးခံရ။
- မြောက်ဒဂုံရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမီးလောင်ကျွမ်းခဲ့။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့၌ ဆန္ဒထုတ်ဖော်ရာ လူဦးရေ သောင်းချီ ပါဝင်ခဲ့ကြ။

ရင်းမြစ်-ဧရာဝတီ၊ မဇ္ဈိမ မှ



တန့်ဆည်မြို့ရှိ ဧပြီလ ၅ ရက် ဆန္ဒပြပွဲကို တွေ့ရစဉ်

အရေးတော်ပုံ မုချ အောင်ရမည်

နွေဦးအသံ
the voice of spring